# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# တဲကုန်းကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တဲကုန်းကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

# တဲကုန်းကျေးရွာ
# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တဲကုန်းကျေးရွာ၊ မင်းဘူးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

တဲကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍာ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခတ်သတ္တုနှင့် အခြားသဘာ၀ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
**၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

၇၀

**ကိုးကားစာရင်း**

၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအားအထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့် ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၁၇ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တဲကုန်းကျေးရွာ

မင်းဘူးမြို့နယ်

## တဲကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ အားတင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ကျေးရွာသည် မင်းဘူး၊အမ်း ကားလမ်းအနောက်ဘက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဇီးအိုင်ကျေးရွာနှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ကျေးရွာ သည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ဒေသ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မ (၈၀) မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူ ပြုပါသည်။ ကျေးရွာ၏မြေပြင်အနေအထားမှာ မြေပြန့်လွင်ပြင်များရှိသော်လည်း တောင်ကုန်း ချိုင့်ဝှမ်းများလည်းပေါသည်။ယာမြေများသည် နှမ်း၊ပဲ၊စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာ ဖြစ်သည်။မိုးလေဝသအခြေအနေ မမှန်ကန်ခြင်းနှင့် သီးနှံထွက်နှုန်းကောင်းသော်လည်း ဈေးကွက်မှန်ကန်တိကျမှုမရှိခြင်း တို့ကြောင့် တောင်သူများအထိနာခဲ့ရသည်။

### (ခ)သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်း မွန်သည်။ကျေးရွာတွင်သဘာဝ သယံဇာတမထွက်ရှိပါ။တောင်သူအချို့မှာ တပိုင်တနိုင် ကန်များတည်၍ လယ်မြေကေ(၁၀)ကေခန့်ကိုသာ စပါးစိုက်ပျိုးနိုင်၍ နှမ်း၊ပဲ ထွန်ယက် စိုက်ပျိုးကေ (၈၅၀)ခန့်ကို စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၂၃)စုနှင့် ကျား(၂၃၁)ဦး၊ မ(၂၂၇)ဦး လူဦးရေပေါင်း (၄၅၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၇၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅) ဦးအောက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည်ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၆.၁၆%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၁.၈၈)% ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များမှာ ဝင်ငွေရရှိမှု မရှိပါ။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၃.၆၆%) သည်ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စု(၈.၉၄%)ဖြစ်ကြပြီး (၄.၈၈%)သည် ချမ်းသာသောအဆင့် (၃၈.၂၁%)သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကိရိယာ သုံးစွဲနိုင်မှုနည်းပါး သောကြောင့် ကျေးရွာစီးပွားရေးအနေအာထားမှာ အနည်းငယ်သာ ကောင်းသည်ဟု သတ်မှတ်နိုင်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ပန်းရံ အသေးစား အိမ်တွင်းလုပ်ငန်းများ တွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။

ဆင်းရဲအဆင့်သည်ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်း ငယ်ပိုင်သော ယာသမားများ၊လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ (၈.၉၄%)ထိရှိကာ အလွန်ဆင်းရဲသော အိမ်ထောင်စု များဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်း၊တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း

များတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ (၃၀%) ဖြစ်သော (၃၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၁၀%)မှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ပြင်ပသို့သွားရောက်လုပ်ကိုင်နေသော အိမ်ထောင်စုများမရှိပါ။မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၃)စုသည် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မသန်စွမ်း(၅)ဦးနှင့် မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၄)ဦးတို့ ဖြစ်ကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည်။လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ၊အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။အမျိုးသမီးများ၊ လူငယ်၊လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကလေးအများစုသည်လည်းကျန်းမာကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်မရရှိနိုင်၍ (၃)မိုင်ခန့်ဝေးကွာသော ဆင်ခေါင်းကျေးရွာသို့ သွားရောက်ပြီးကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်များဖြင့် ရေရရှိမှုမဖြစ်နိုင်သောကြောင့် ပေ(၃၀၀)ကျော်မျှဝေးသော အဝီစိတွင်းဆိုလာစက်ဖြင့် သောက်သုံးရေကို လုံလောက်စွာရရှိကြပါသည်။ဝမ်းပျက်၊ဝမ်းလျှော၊တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှု ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် နည်းပါးကြောင်းတွေ့ရပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း သိရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးပါသည်။ ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။အလယ်တန်းနှင့် အထက်တန်းအဆင့်ကို ကျေးရွာနှင့် (၃)မိုင်မျှဝေးသော ဆင်ခေါင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ပညာသင်ကြားရာ မိုးရာသီတွင် ကျေးရွာ၏အရှေ့ဘက်ချောင်းမှ ချောင်းရေ

ကျမှုများကြောင့် ကျောင်းနောက်ကျခြင်း၊ကျောင်းတက်ရက်ပျက်ခြင်းများ ရှိတတ်ပါသည်။ထို့ကြောင့်အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ နိမ့်ကျဆဲဖြစ်ပြီး လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး ဆဲဖြစ်သည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာတန်းတူ အခွင့်အရေးရရှိသည်။ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်းကျေးရွာ လူမှုအဖွဲ့အစည်းများတွင် မျှတမှုပါဝင်မှုရှိပါသည်။ကျေးရွာတွင်ကျားနှင့်မအကြား ဒုစရိုက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းတွင်တူညီကြပြီး အထက်တန်းတွင်လည်း ယောကျ်ားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက်များနေပါသည်။အမျိုးသမီးများ၏ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာယောကျ်ားလေးများနှင့် တန်းတူညီမျှပင်ဖြစ်သည်။သို့ရာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြပါသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျှော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။ ကျား၊မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့၊ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့၊စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ယင်းအဖွဲ့များမှ ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့သည် လှုပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။ သာရေးနာရေးများတွင် ကျေးရွာလူထုမှသွက်လက်တက်ကြွစွာ ဆောင်ရွက်ကြသည်။မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်းပတ်ဆောင်ရွက်လျှက်ရှိသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့

အကြား ချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်မှုအားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် နှမ်းနှင့်မြေပဲကိုသာ အဓိကစိုက်ပျိုးကြပါသည်။တောင်ယာစိုက်ဧက ၅၆၂ ဧကရှိပြီး လယ်မြေဧကမှာ (၉) ဧကသာရှိပါသည်။ နှမ်းသီးနှံပျှမ်းမျှအထွက်နှုန်းမှာတစ်ဧကလျှင် ၅တင်းမှ ၈တင်းသာရရှိပြီး မြေပဲ(၁)ဧက အထွက်နှုန်းမှာ (၁၀)တင်းမှ(၃၀) တင်း သာထွက်ရှိပါသည်။ပဲနောက်(၁)ဧက (၂)တင်းမှ(၁၃)တင်းအထိ ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိရန်လိုအပ်ပြီး စိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှလည်း သင့်တင့်သောဈေးနှုန်းများနှင့် ဝန်ဆောင်မှုများရရှိရန် လိုအပ်ပါသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်နေရပြီး လုပ်အားခပိုပေးမှ အလုပ်သမားကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားရသည်။တစ်ချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် ကျဲပက်စနစ်ကိုအများဆုံး အသုံးပြုကြသည်။ တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှမှုကြောင့် ပဲနောက်စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ၎င်းဖျက်ပိုးများအတွက် နှိမ်နင်းရေးနည်းစနစ်ကို လိုလားနေပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာတစ်ရွာလုံး၏ (၅.၇%)သာ ရှိပြီးဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ % ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွား တတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အများဆုံးဖြစ်ပြီး သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ကျေးရွာတွင်နည်းပညာနှင့် ဝန်ဆောင်မှုအားနည်းသော ကြောင့် ဆောင်ရွက်ပေးနိုင်မှုနည်းပါးသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ လုပ်ကိုင်ရန် ချေးငွေအလွယ်တကူ မရရှိနိုင်ကြပေ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားကူလီအလုပ်များ တောင်ယာလုပ်ငန်းများ ဈေးရောင်းနှင့်ခေါင်းရွက်ဗျက်ထိုး လုပ်ငန်းတို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းငယ်မှ အသင့်အသင့်အနေအထားတွင် ရှိသည်။ကူလီအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေများပြား၍ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်ဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်ထူထောင်ရန် မတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်စက်ပြင်သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပိုလွှတ်သင်ကြားကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေသြဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုများပြားကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။အခါအားလျော်စွာ ကျရောက်သော မိုးခေါင်ခြင်းကသဘာဝ အန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၈၀) ပြားတိုးဖြင့် (၆)လ၊ တစ်ကေလျှင် (၁၅၀၀၀၀ိ/-)ဖြင့် အများဆုံး(၁၀)ကေ သတ်မှတ်ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် သမဝါယမဦးစီးဌာနနှင့် ပတ်မြန်မာအဖွဲ့များမှလည်း အတိုးနှုန်း (၁.၅၀)ကျပ်ဖြင့် (၆)လ တစ်ကြိမ်ထုတ်ချေးပါသည်။ တချို့အိမ်ထောင်စုများမှာ ငွေတိုးချေးစားများထံမှ အတိုးကြီးပေး၍ လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး များထံမှ နားလည်မှုကတိဖြင့် ချေးယူကြရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် လိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။ကျေးရွာတွင် လေ့လာ ဆန်းစစ်မှုအရ ဆင်းရဲနှင့်အလွန် ဆင်းရဲအိမ်ထောင်စုများသည် အကြွေးယူထားကြပြီး အကြွေးငွေ(၅၀၀၀၀)ကျပ်မှ (၈၀၀၀၀၀)ကျပ်အထိ ချေးယူထားကြောင်းတွေ့ရှိရသည်။ အိမ်ထောင်စုများ၏ ၉၇%သည် အကြွေးငွေ (၃၀၀၀၀၀)အောက် ချေးယူထားပြီး ၃%သည် (၅၀၀၀၀၀) အထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ကျောင်းဆောင်အကျယ်အဝန်းမှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၀ ပေ အရွယ်ရှိပြီး သွပ်မိုး၊အုတ်နံရံကာ၊ကွန်ကရစ်ခင်း ကျောင်းဆောင်ဖြစ်ပါသည်။အလယ်တန်းကျောင်းမရှိပါ။မူလတန်းအောင်၍ အလယ်တန်း တက်ရောက်ရာတွင် အခြားရွာသို့ သွားရောက်တက်ရောက်ရပါသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁% မှာဘွဲ့ကြီးကျောင်းပညာရေးကို ရရှိ ထားကြပါသည်။ကျောင်းဆရာ(၁)ယောက်နှင့် ဆရာမ(၄)ယောက်ရှိ၍ ဆရာလုံလောက်မှု ရှိပါသည်။ကျောင်းသားဦးရေမှာ စုစုပေါင်း(၄၅)ယောက်ရှိပါသည်။ကျောင်းသုံးပစ္စည်းများ လုံလောက်စွာရှိပြီး ကျောင်းသားများအတွက် လေ့ကျင့်ခန်းစာအုပ်များကိုလည်း အခမဲ့ ပံ့ပိုး ပေးပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမမှီပါ။

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ သောက်ရေအတွက် အဝီစိတွင်း(၃)တွင်းရှိပြီး (၂)တွင်းမှာ အင်ဂျင်စက်ဖြင့် ရေတင်သုံး၍ ကျန်တစ်တွင်းမှာ နေရောင်ခြည်ဆိုလာပန့်နှင့် တင်သုံးပါသည်။ရေသုံးစွဲမှုတွင် ရေလုံလောက်မှုရှိပါသည်။

ကျေးရွာအိမ်ထောင်စုအားလုံးမှာ ယင်လုံအိမ်သာများ အသုံးပြု၍ ရေကြောင်းဖြစ်ပွား တတ်သော ရောဂါများနည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများ ဆောက်လုပ်ထားပြီး ကျောင်းသူ၊ကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်တော်တို့ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာ သီးသန့်မရှိသေးပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် တင်ဆက်ပါဝင်ကြသည်။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်တော်တို့ကျေးရွာသည် မင်းဘူး-အမ်း လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပြီး မင်းဘူးမြို့နှင့် (၁၂)မိုင် ဝေးကွာ၍ အမ်းလမ်းမကြီးမှ ကျေးရွာသို့ရောက်ရန် (၁) မိုင် မြေသားလမ်းလျှောက်ရပါသည်။ကျေးရွာမှ မင်းဘူးမြို့သို့သွားရန် သုံးဘီးဆိုင်ကယ်(၂)စီး ဖြင့် ခက်ခဲစွာသွားလာရပါသည်။သွားလာမှုလွယ်ကူရန်အတွက် ဆိုင်ကယ်(၆၄)စီးနှင့် စက်ဘီး များအားအသုံးပြုလျှက် ရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီး မရရှိ၍ ဆိုလာလျှပ်စစ်စနစ်ကိုသာ အသုံးပြုနေရပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြပြီး အင်တာနက်အသုံးပြုနိုင်မှုမှာ ဆက်သွယ်ရေး တာဝါတိုင်များနှင့် ဝေးကွာ၍ အသင့်အသင့်သာ ကောင်းမွန်ပါသည်။တစ်ရွာလုံးအတိုင်း အတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အနည်းငယ်သာကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ရှိပြီး စာအုပ်အရေအတွက် အလွန်နည်းပါးသောကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။ရွာသားများသည် သတင်းစာ၊ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး အသင့်အတင့် ဗဟုသုတရှိကြပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ စကုမြို့နှင့် နီး၍ ဆက်သွယ်ရေးဆိုင် အဆောက်အဦးများနှင့် လက်လှမ်းမီပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီသော်လည်း အသိပညာနည်းပါးခြင်းကြောင့် အားနည်းပါသည်။ လူကုန်ကူးမှုမှာလည်း မရှိသလောက် နည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိ၍ ဆိုလာစနစ် ကိုသာ သုံးစွဲရသဖြင့် ကျောင်းသူကျောင်းသားများအတွက် အနည်းငယ်အခက်အခဲဖြစ်ကာ လူနေမှုအဆင့်အတန်းလည်း နိမ့်ပါးလျှက်ရှိပါသည်။

လူငယ်ပညာတတ် ဘွဲ့ရဦးရေ (၃)ဦးသာ ရှိသောကြောင့် အိမ်ထောင်စုနှင့်စာလျှင် ပညာရေးမှာနိမ့်ကျဆဲဖြစ်ပါသည်။အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် စီးပွားရေး တွင်အသင့်အတင့် ကောင်းမွန်ပါသည်။ကျန်းမာရေးအတွက် ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များ လက်လှမ်းအတော်ဝေးပါသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသ လိုမှုအတွက် (၃)မိုင်မျှဝေးသော ဆင်ခေါင်းတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ (၁၂)မိုင်မျှ ဝေးသော မင်းဘူးမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြ ပါသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် အနိမ့်အမြင့် မညီသော်လည်း မြေဆီ သြဇာအသင့်အတင့် ကောင်းမွန်ကြပါသည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ကြပါသည်။နှမ်းပင်များ သေးငယ်သောအချိန်တွင် မိုးရွာ သွန်းမှုများပြားပါက တောင်သူများအတွက် ကောင်းကျိုးထက် ဆိုးကျိုးများစွာ ရရှိပါသည်။ မိုးရာသီ သီးနှံပေါ်ချိန်များတွင် မြို့သို့သွားလာရခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ ကုန်ပစ္စည်းဝယ်လက်များက ဈေးကစားနေခြင်းတို့ကြောင့် တောင်သူ များမှာ နစ်သထက်နစ်သလို ဖြစ်နေပါသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေ၊ယာမြေများမှာ အသင့်အတင့်ကောင်းမွန်သည်မှအပ ကျေးရွာ၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ချောင်းရှိသောကြောင့် ကျေးရွာလူထုအတွက် အလုပ်လုပ်ရန် သယံဇာတရှိ၍ နည်းပညာတစ်ခုသာ လိုအပ်ပါသည်။လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် အထွက်နှုန်းတိုးအောင် အားစိုက်ပြုစုကြပါသည်။

မိုးကိုမျှော်၍ လုပ်ကိုင်ရသောယာမြေဖြစ်သည့်အတွက် အချိန်သိပ်မရသောကြောင့် တောင်သူများမှာ အလွန်ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကြရပါသည်။ သီးနှံစိုက်ခင်းများအတွင်း ဖျက်ပိုးအချို့သည် ပိုးသတ်ဆေးအချို့၏ နိမ်နင်းဒဏ်ကို ခံနိုင်ရည်ရှိသောကြောင့် တောင်သူများမှာ ငွေကြေးအကုန်အကျများခြင်း၊ သီးနှံများပျက်စီးခြင်းတို့ ဖြစ်တတ်ပါသည်။၎င်းအရာများမှ ကင်းဝေးရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာသင်တန်းများ ပေးခြင်း၊ စိုက်ခင်းများအတွင်း ကိုယ်တိုင် ကိုယ်ကျ လုပ်ဆောင်ပေးခြင်းတို့ရှိမှသာ တောင်သူများဘဝ တိုးတက်မည်ဖြစ်ပါသည်။ကျေးရွာများတွင် ငွေချေးသူများရှိသော်လည်း အတိုးနှုန်းမြင့်မားသောကြောင့် တောင်သူများဒုက္ခရောက်ကြပါသည်။ဘဏ်များမှ ငွေချေးလျှင်လည်း

ကျေးရွာတွင်အိမ်တွင်းထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်း၊အသိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ပန်းတိုင်နှင့်မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေပါမည်။

(က.၂) ကျွန်တော်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃)ကျွန်တော်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေနည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှုစေရန် အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးမွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှ တဖန်ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု တိုးတက်စေမည်။ကျွန်ုပ်တို့သည်အပ်ချုပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများကို တက်ရောက်နိုင်ရေး စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှု တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက် ပေးမည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်

အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်နှမ်းနှင့်ပဲနောက်အပြင် ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။တောင်သူများ အတွက်သီးနှံဖျက်ပိုးနှင့် ရောဂါကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး နှင့်ရောဂါကို ထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်း ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများမရရှိဘဲ စိုက်ပျိုးရေးထွက် ကုန်ပစ္စည်း များရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားနေရသည်။သီးနှံဖျက်ပိုးများ သည့်ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ္ဍာလုပ်ငန်းများ**

ဘဏ္ဍာလုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲသတ်မှတ် သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ် ပါသည်။

### (ဃ) ကျေးလက်အသေးစားလုပ်ငန်းများဆိုင်ရာ အထောက်အပံ့များရရှိရေး

ကျွန်တော်တို့ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်အချက်အလက်များ လက်လှမ်းမှီမှုအားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ၏ လုပ်ငန်းစီမံခန့်ခွဲထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။၎င်းအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှ ထိုကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလအတွက် စီမံချက်များရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလအတွက် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်များ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။

ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင်စီးပွါးရေး အကျိုးဖြစ်ထွန်း မှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်–
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေး တွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်

သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# တဲကုန်းကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ကဏ္ဍ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးကဏ္ဍ | လျှပ်စစ်မီးရရှိရေးချိတ်ဆက် ဆောင်ရွက်ခြင်း | | ၁ | (၁)ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>(၂)မြို့နယ်လျှပ်စစ်ဌာနသို့တင်ပြခြင်း | |
| ၂ | လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် | | ၂ | (၁)ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများအားမြေနီကျောက်စရစ်ခင်းခြင်း | |
| ၃ | ကျန်းမာရေးကဏ္ဍ | ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်စေရန် | | ၃ | (၁)လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်ရန် ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း | |
| ၄ | စိုက်ပျိုးရေးကဏ္ဍ | သီးနှံအထွက်နှုန်းများတိုးတက်စေလိုခြင်း | | ၄ | (၁)စိုက်ပျိုးရေးနည်းစနစ်များမမှန်ကန်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ သင်တန်းများဖွင့်လှစ်စေလိုခြင်း | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းများ | အလုပ်အကိုင်အခွင့်အလမ်းများပြား လာစေရေး | | ၅ | (၁)အသက်မွေးဝမ်းကျောင်းသင်တန်း များဖွင့်လှစ်ပို့ချပေးစေလိုခြင်း<br>(၂)ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ အကူအညီများတောင်းခံခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မီးလင်းရေး | ၁ | ✔ | ✔ | | | |
| ၂ | လမ်းပန်းဆက်သွယ်ရေး | ၂ | ✔ | ✔ | ✔ | | |
| ၃ | ကျန်းမာရေး | ၃ | ✔ | | ✔ | ✔ | |
| ၄ | စိုက်ပျိုးရေး | ၄ | ✔ | ✔ | ✔ | ✔ | |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၅ | ✔ | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါ အဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

## စီမံချက်ဘတ်ဂျက်

